**Kachin Development Networking Group**

*Community action for sustainable development, equality and justice*

နေ့စွဲ၊ ၂၉ ဩဂုတ်လ၊ ၂၀၁၇

## နေပြည်တော်၏ တင်ပို့မှု-ဦးစားပေး ရေကာတာစီမံကိန်းများ၏ ခြိမ်းခြောက်မှု ခံနေရသော

## ကချင်-တရုတ်နယ်စပ်ရှိ သဘာဝအတိုင်း လှပနေသေးသည့် ချိုင့်ဝှမ်းလွင်ပြင်

ယနေ့တွင် ဖော်ထုတ်တင်ပြသည့် အစီရင်ခံစာမှာ ဝေ့ါချမ်းခ ချိုင့်ဝှမ်းလွင်ပြင်၏ မိန်းမောသွားရလောက်သည့် အလှအပနှင့် ဇီဝမျိုးစုံ မျိုးကွဲ ကြွယ်ဝမှုကို မြင်သာအောင် ပြသခြင်းဖြစ်သည်။ ရှေးဘိုးဘေးတို့၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်ပြီး ကချင်ပြည်နယ်အရှေ့ခြမ်းနှင့် တရုတ် နယ်စပ်တွင် မှီတင်းနေထိုင်သော ဌာနေတိုင်းရင်းသားလူဦးရေ ၄၅၀၀ ကျော် နေထိုင်လုပ်ကိုင်စားသောက်သည့်ဒေသမှာ ရေကာတာ လေးခု၏ ရေဝပ်ဧရိယာကြောင့် ခြိမ်းခြောက်ခံနေရသည်။ အဆိုပါ စီမံကိန်းများမှာ မြန်မာနိုင်ငံအစိုးရ၏ ပြည်ပတင်ပို့မှုအတွက် အဓိကထားသော အကြီးစား ရေအားလျှပ်စစ် စီမံကိန်း(၅၀)ထဲမှ အပါအဝင်လည်း ဖြစ်သည်။

ကချင်ပြည်နယ်ဖွံ့ဖြိုးရေးကွန်ရက်အဖွဲ့(Kachin Development Network Group(KDNG))မှ ပြုစုတင်ပြထားသည့် “ဝေ့ါချမ်းခ လွင်ပြင် ကို ထိန်းသိမ်းကာကွယ်ခြင်း” အစီရင်ခံစာတွင် ဧရာဝတီမြစ်ကြီး၏ မြစ်လက်တက်တစ်ခုဖြစ်သော မေခမြစ်၏ အဓိက ချောင်းလက်တက် တစ်ခုဖြစ်သည့် ဝေ့ါချမ်းခမြစ်ပေါ်၌ တရုတ်နိုင်ငံမှ ကုမ္ပဏီတစ်ခုဖြစ်သော YEIG International Energy Cooperation and Development Corporation မှ လျှပ်စစ်ဓာတ်အား မီဂါဝပ် ၁၂၀၀ ထုတ်လုပ်ရန်အတွက် စီစဉ်ဆောင်ရွက်ပုံ အသေးစိတ်ကို ဖော်ထုတ်ရေးသားထားပါသည်။ အဆိုပါ စီမံကိန်းများမှာ မြန်မာနိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ “၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံ၏ ရေအားလျှပ်စစ်ကဏ္ဍမှ ၃၀၀၀ မီဂါဝပ်မှ ၄၅၀၀၀ မီဂါဝပ် အထိ တိုးမြှင့် ထုတ်လုပ်နိုင်ရမည်” ဟူသော ဦးတည်ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်မှု အစိတ်အပိုင်း တစ်ခုလည်း ဖြစ်ပါသည်။

စီမံကိန်းတည်ဆောက်ခြင်းကို ဝေ့ါချမ်းခချိုင့်ဝှမ်းလွင်ပြင်ဒေသတွင် နှစ်ပေါင်းတစ်ထောင်ကျော် ရေရှည်တည်တံ့စွာဖြင့် မြစ်ဝှမ်း လွင်ပြင်တွင် ဆန်စပါးနှင့် သစ်ကြားသီးများကို စိုက်ပျိုး၍ နေထိုင်လုပ်ကိုင်စားသောက်လာခဲ့ကြသည့် ဌာနေတိုင်းရင်းသား ဒေသခံများက အပြင်း အထန် ကန့်ကွက်ပါသည်။ ကုမ္ပဏီမှ ကွင်းဆင်းလေ့လာမှုပြုလုပ်နေစဉ်တွင် ပိတ်ဆို့တားမြစ်ခြင်း၊ သမ္မတကြီးထံသို့ အိတ်ဖွင့်ပေးစာပေးပို့ခြင်းအပြင် စီမံကိန်းများကို လုံးဝရပ်တန့်ပေးရန် ဒေသခံပြည်သူများနှင့်အတူ ဆန္ဒထုတ်ဖော်ခြင်းများကိုလည်း လုပ်ဆောင်ခဲ့ကြသည်။

“ကျွန်မတို့ရဲ့ ဘိုးဘေးတွေရဲ့ ဇာတိမြေနဲ့ သဘာဝအရင်းအမြစ်တွေ ပျက်စီးမယ့်အရေးကို ဘယ်လိုမှ ခွင့်မပြုနိုင်ဘူး” ဟု ဝေ့ါချမ်းခ ဒေသခံတစ်ဦးဖြစ်သည့် ဇောင်းလွမ်း ဆိုသည်။ “ ဒီစီမံကိန်းတွေ ဖျက်သိမ်းဖို့ ကျွန်မတို့လာတာ ဖြစ်တယ်။ ကျွန်မတို့ နေရာကို ဘယ်တော့မှ မဖယ်ပေးနိုင်ဘူး” ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

China Power Investment ကုမ္ပဏီမှ ၂၀၁၃ ခုနှစ်တွင် အကောင်အထည်ဖော်ပြီးစီးသွားသည် ချီဖွေရေအားလျှပ်စစ်စီမံကိန်းကြောင့် ဒေသခံကချင်တိုင်းရင်းသားလူမျိုးစုများတွင် ခါးသီးသော အတွေ့အကြုံများ ရှိပါသည်။ တိကျသော လျော်ကြေးငွေဖြင့် တန်ဖိုးမဖြတ်နိုင်သော စိုက်ပျိုးမြေများ ပျက်စီးပျောက်ကွယ်သွားရခြင်း၊ ကြိုတင်မှန်းဆ၍ မရသော ညစ်ညမ်းသည့် ဆည်ရေလွှတ်မှုကြောင့် ရေကာတာအောက်ပိုင်းဒေသရှိ ရွာသူရွာသားများမှာ မြစ်ဝှမ်းဒေသတွင် စိုက်ပျိုးသည့် သီးနှံများပျက်စီးခြင်း၊ ငါးများ သေဆုံးခြင်းနှင့် ချောင်းရေချိုးသူများတွင် စိုးရိမ်ရသည့် အန္တရာယ်ဒုက္ခများနှင့် ကြုံတွေ့ခဲ့ရခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ရေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓာတ်အား အခမဲ့ရရှိစေရမည်ဟု ကတိပေး ခဲ့သော်လည်း ယခု ဒေသခံရွာသားများ ပေးဆောင်နေရသည့် မီတာခမှာ ရန်ကုန်(သို့)မန္တလေးမြို့ကြီးများတွင် ပေးနေရသည့် မီတာခများထက် သုံးဆကျော်ရှိသည်။ လက်ရှိတွင် သွယ်တန်းဖြန့်ဖြူးသည့် အခြေခံအဆောက်အအုံများ လိုအပ်မှုကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်စွမ်း ၉၉ မီဂါဝပ်ထဲမှ သုံးပုံတစ်ပုံကိုသာလျှင် အသုံးပြုနေရသည်။

KDNG အနေဖြင့် ဝေ့ါချမ်းခဒေသခံများမှ ၎င်းတို့၏ မြစ်ဝှမ်းလွင်ပြင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ကချင်ပြည်နယ်တွင် တည်ဆောက်အကောင်အထည်ဖော်မည့် အကြီးစား ရေအားလျှပ်စစ်ထုတ် ရေကာတာစီမံကိန်းများအားလုံးကို ချက်ချင်း ဖျက်သိမ်းရပ်တန့်နိုင်ရန် အတူတကွ ပံ့ပိုးလုပ်ဆောင်လျက်ရှိသည်။ ပြည်ပသို့ လျှပ်စစ်ဓာတ်အား တင်ပို့မှုကိုသာ ဦးစားပေးသည့် မြန်မာ့အစိုးရ၏ ဗဟိုဦးစီးထိန်းချုပ်သည့် စွမ်းအင်မဟာဗျူဟာကို စွန့်ပစ်ထားရစ်ကာ ပြည်နယ်တစ်ခုချင်းစီအလိုက် လိုအပ်သော လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဦးစားပေးသည့် ဗဟိုဦးစီးထိန်းချုပ်မှုကင်းကွာသော ဖက်ဒရယ်ဆန်ဆန် ဗျူဟာဖြင့် အစားထိုးပေးရန်လည်း KDNG မှ တောင်းဆိုပါသည်။

“ရေကာတာစီမံကိန်းအသစ်တွေကို ဆက်ပြီး မလုပ်သေးခင်မှာ ရှိပြီးသား စွမ်းအင်ဆိုင်ရာ စီမံကိန်းတွေက ဒေသခံပြည်သူတွေအတွက် သေချာတဲ့ အကျိုးပြုမှုရှိမရှိဆိုတာကို ပြန်လည်သုံးသပ်သင့်ပါတယ်။” ဟု KDNG မှ သုတေသီ ဇော်မိုင်က ဆိုသည်။

ဆက်သွယ်ရန်

၁။ ဇော်မိုင် (ကချင်ဖွံ့ဖြိုးရေးကွန်ရက်အဖွဲ့) ဖုန်း - ၀၉၄၄ ၉၀၁ ၅၈၉၇

၂။ ဇောင်းလွမ်(ဝေ့ါချမ်းခဒေသမှ ရွာသားတစ်ဦး) ဖုန်း- ၀၉၇၆၉၄၆၄၉၆၆

၃။ ဦးလင်္ဂါးတိုက်ဆောင် (ဝေ့ါချမ်းခဒေသမှ ကျေးရွာသူတစ်ဦး) ဖုန်း -၀၉၄၇၀၁၉၃၆၆